# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံ အဖြစ် တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ်ကို မည်သည့် ဘဏ္ဍာရေး နှစ်တွင် အပြီးသတ်တည်ဆောက် ပေးမည်နှင့် အားကစား သမားများ လေ့ကျင့်ခန်းဆင်းခြင်း၊ ဘောလုံးကစားခြင်း များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် လေ့ကျင့်ရေး ကွင်းတွင် အခမဲ့ကစားခွင့် ပြု/မပြုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ယခင်အောင်မြေသာယာ ဘောလုံးကွင်းအား မြို့နယ်အဆင့် ဘောလုံးအားကစားကွင်းအဖြစ် သတ်မှတ်ပေးပြီး အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန၊ အန္တရာယ်ရှိ အဆောက် အဦအား ဖျက်သိမ်း၍ အဆောက်အဦ သစ်ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ပြည်ထောင်စုအစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူလူထု ပိုမိုအားထားလာသော မျက်စိအထူးကုဆေးရုံကြီး (YANGON EYE HOSPITAL)အား ဆေးရုံအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | ယင်းမာပင်မြို့နယ်၊ ရင်ပေါ်တိုင်ကျေးရွာအုပ်စု၊ ရင်ပေါ်တိုင် ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့် | ၁၆ |

| | | |
|---|---|---|
| | လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး ထူးခွန်စွာ တာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့ တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြား ပညာတော်သင် ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၁၉ |
| ၁၂ | မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း | ၂၇ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၃၂ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၇-၁-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးသတ်တည်ဆောက်ပေးမည်နှင့် အားကစားသမားများ လေ့ကျင့်ခန်းဆင်းခြင်း၊ ဘောလုံးကစားခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် လေ့ကျင့်ရေးကွင်းတွင် အခမဲ့ကစားခွင့် ပြု/မပြု သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ် အမှတ် (၆)ရပ်ကွက် ယခင်အောင်မြေသာယာ ဘောလုံးကွင်းအား မြို့နယ် အဆင့် ဘောလုံးအားကစားကွင်းအဖြစ် သတ်မှတ်ပေးပြီး အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန၊ အန္တရာယ်ရှိအဆောက်အဦအား ဖျက်သိမ်း၍ အဆောက်အဦသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူလူထု ပိုမိုအားထား လာသော မျက်စိအထူးကုဆေးရုံကြီး (YANGON EYE HOSPITAL) အား ဆေးရုံအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင် ကျေးရွာအုပ်စု၊ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်က **"နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်သူ များမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင် အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြား ပညာတော်သင်**

**ခရီးစဉ်များနှင့် အခြားသော ဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်း စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုတင်သွင်းခြင်း၊

၉။ **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## ဒုတိယနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၃ ရက်၊

(၂) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၃ ရက်၊

(၃) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၄) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၃ ရက်၊

(၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးဆောတင်ဝင်း ခွင့် ၁ ရက်၊

(၈) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွဋ်သိမ်း ခွင့် ၁ ရက်၊

(၁၀) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၁၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး ခွင့် ၁ ရက်၊

(၁၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်နှင့်

(၁၄) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၆၊ ယနေ့ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာအုပ်စု၊ ဘန်းယဉ်တိုက်နယ်ဆေးရုံဟာဆိုရင် ဒေသခံရပ်မိရပ်ဖပြည်သူများက ၁၉၈၆ ခုနှစ်တွေမှာ ကိုယ့်အားကိုယ်ကိုးနဲ့ စတင်ဆောက်လုပ်ဖွင့်လှစ်ခဲ့ပါတယ်။ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်တာဖြစ်တဲ့အတွက် စံကိုက်ဆေးရုံအဖြစ် မပြည့်စုံပေမဲ့လည်း ဒေသခံပြည်သူများက အားကိုးအားထားရသော ဆေးရုံတစ်ရုံအဖြစ်လည်းရှိပါတယ်။ အဲဒီဆေးရုံမှာဆိုရင် ပတ်ဝန်းကျင်ဆက်စပ်ဆေးရုံများဖြစ်တဲ့ ဘန့်ဘွေးကျေးရွာအုပ်စု၊ နားခိုက်ကျေးရွာအုပ်စု၊ နားသံကျေးရွာအုပ်စု(တောင်ဘက်ခြမ်း)၊ ပုန်းအင်းကျေးရွာအုပ်စု၊ ပါလောပါကယ်ကျေးရွာအုပ်စု(မြောက်ဘက်ခြမ်း)တွင် နောင်မွန်ကျေးရွာ

အုပ်စုတို့မှ မိဘပြည်သူများက အဓိကအားထားနေရသလို ခ.မ.ယ(၄၂၅)၊ (၄၂၆) တပ်ရင်းနှစ်ရင်းလည်း တည်ရှိနေပါတယ်။ အဲဒီဆေးရုံကို ခန့်မှန်းလူဦးရေ ၄၀၀၀၀ ကျော်ခန့် မှီခိုအားထားနေတဲ့ ဆေးရုံတစ်ရုံဖြစ်ပါတယ်။ ယခုအခါမှာ တိုးတက်များပြားလာတဲ့ လူဦးရေနဲ့အတူ ကျန်းမာရေးကုသမှုတွင် ဆေးရုံကိုအားကိုးအားထားမှု များလာသော်လည်း အောက်ခြေဝန်ထမ်း ခွင့်ပြုခြောက်ဦးဖြစ်သော်လည်း ယခင် ကျွန်တော်မေးခွန်းတင်စဉ်က တစ်ဦးမှမရှိသေးပေမဲ့ လွန်ခဲ့တဲ့နိုဝင်ဘာလတွင် နေ့စားဝန်ထမ်းလေးဦး ခန့်ထားပြီးကြောင်း သိရှိရပါတယ်။ အဲဒီဆေးရုံမှာ ဓာတ်မှန်စက်၊ ဓာတ်မှန်ခန်း မရှိခြင်းကြောင့် ဓာတ်မှန်ရိုက်ဖို့အတွက်လိုအပ်ရင် တောင်ဘက် ၂၀ မိုင်ဝေးတဲ့ ဆီဆိုင်မြို့ဆေးရုံသို့ သွားရောက်ရိုက်ကြရသဖြင့် အခက်အခဲများကြုံတွေ့နေကြရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်နားရက်မှာ မဲဆန္ဒရှင်ပြည်သူများနဲ့ သွားရောက်တွေ့ဆုံတဲ့အခါမှာ မဲဆန္ဒရှင်ပြည်သူများက တင်ပြတောင်းဆိုမှုအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုသည်မှာ ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ပါရန်နှင့် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ သို့မဟုတ် လက်ရှိလိုအပ်လျက်ရှိသော ဆေးစတိုဆောင်၊ ဓာတ်မှန်အဆောက်အအုံနှင့် ဓာတ်မှန်စက်၊ ဆေးစွန့်ပစ်ပစ္စည်းမီးရှို့ဆောင်၊ လူနာနားနေဆောင်၊ မီးစက်အဆောက်အအုံ၊ လူနာရေချိုးဆောင်နှင့် ရေစင်တို့ကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူး၏မေးခွန်းဖြစ်သော ဆီဆိုင်မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် တည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ လိုအပ်ချက်များကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့၊ ဘန်းယဉ်တိုက်နယ်ဆေးရုံဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ၁၉၈၆ ခုနှစ်ကတည်းက တည်ဆောက်ပြီးတော့ နှစ်(၃၀)ကြာပြီးတော့ အဆောက်အဦဟောင်းနွမ်းလျက်ရှိပါတယ်။ ကျေးရွာအုပ်စုတော်တော်များများ လူဦးရေ ၄၀၀၀၀ ကျော်နဲ့ တပ်ရင်းနှစ်ရင်းကလည်းရှိတယ်ဆိုတာ သိရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းအင်အားအနေဖြင့် ဆရာဝန်တစ်ဦး၊ သူနာပြုငါးဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အောက်ခြေဝန်ထမ်းကိစ္စနဲ့ပတ်သက်လို့ကတော့ ခြောက်ဦးမှာ လေးဦးကို ၁၆-၁၀-၂၀၁၇ ရက်နေ့ကခန့်ဖို့အတွက်ကို ခွင့်ပြုမိန့်လည်းပို့ပြီးဖြစ်ပါတယ်။

အဆောက်အဦကိစ္စနဲ့ပတ်သက်လို့ကတော့ ဓာတ်မှန်အဆောက်အဦ၊ ဆေးစွန့်ပစ်ပစ္စည်း မီးရှို့ဆောင်၊ လူနာနားနေဆောင်၊ မီးစက်အဆောက်အဦတို့ကို ဆောက်လုပ်နိုင်ရေးအတွက်တို့ကတော့ လောလောဆယ်ဆောက်လို့မရသေးပါဘူး။ သို့သော် ယခုခြောက်လရရှိတဲ့ ဘတ်ဂျက်ဘဏ္ဍာရေးမှာ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ပြီးရင် ဓာတ်မှန်အဆောက်အဦချက်ချင်းပြီးလို့ရှိရင် ဓာတ်မှန်စက်ကိုပေးဖို့ရာ ချက်ချင်းဆောင်ရွက်မှာပါ။ ဒီ ၂၁ မိုင်ဝေးတဲ့ ဆီဆိုင်မှာသွားပြီး ဓာတ်မှန်ရိုက်ရတယ်ဆိုတဲ့ကိစ္စက လုံးဝမဖြစ်သင့်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် ပထမဆုံးဦးစားပေးနဲ့ အမြန်ဆုံးလုပ်ပေးပါမယ်။ဟောင်းနွမ်းနေတဲ့ အဆောက်အဦ ကိစ္စဖြစ်တဲ့ ဆေးစတိုဆောင်၊ လူနာရေချိုးဆောင်၊ ရေစင်အဆောက်အဦကို စံကိုက်အဆောက်အဦ ကတော့ ချက်ချင်းလုပ်မပေးသေးပါဘူး။ သို့သော် ဒီခြောက်လပတ်မှာပါတဲ့ ပြင်/ထိန်းစရိတ်၊ နောက်ထပ် အောက်တိုဘာလ ၁ ရက်နေ့ကနေစပြီး တစ်နှစ်စာမှာပါတဲ့ ပြင်/ထိန်းစရိတ်နဲ့ ကျွန်တော် တို့က အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က ဝန်ထမ်းအိမ်ရာကို အဓိကထားပြီးဆောက်မှာပါ။ ဆေးရုံအသစ်တွေကို မဆောက်ဘူး။ မလွှဲသာမှ ဆေးရုံအသစ်ဆောက်မယ်။ ဝန်ထမ်းအိမ်ရာကို အကုန်များများကိုလုပ်ဖို့ ကျွန်တော်တို့စီစဉ်ထား ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့အားလုံးလုပ်ပြီးပါပြီ။ သို့သော်လည်း ဒီဆေးရုံဟာ လူနာလည်းများတယ်။ ၄၀၀၀၀ ကျော်ရှိတယ်။ တပ်ရင်းနှစ်ရင်းနဲ့ ကျေးရွာအုပ်စုတော်တော်များများ ဖြစ်တဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ စံကိုက်အဆောက်အဦဖြစ်ဖို့ပါဝင်အောင် ဘတ်ဂျက်မှာရေးဆွဲပြီး ထည့်သွင်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်တည်ဆောက် ပေးမည်နှင့် အားကစားသမားများ လေ့ကျင့်ခန်းဆင်းခြင်း၊ ဘောလုံးကစားခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် လေ့ကျင့်ရေးကွင်းတွင် အခမဲ့ကစားခွင့် ပြု/မပြုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်ဘောလုံး အားကစားကွင်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက်ဆိုရင်တော့ ကျန်းမာသန်စွမ်းတဲ့ မျိုးဆက်သစ်လူငယ်တွေ ရဲ့အပေါ်မှာ များစွာမူတည်လို့နေပါတယ်။ လူငယ်လူရွယ်တွေအနေနဲ့လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးတွေမှာ တိုးတက်လာအောင်ကြိုးစားဖို့လိုသလို ကိုယ်ကာယနဲ့စိတ်ဓာတ်ကြံ့ခိုင်ရေး

အတွက်လည်း အားကစားပြုလုပ်ဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် မြို့တိုင်း၊ နယ်တိုင်းမှာ အားကစားပြိုင်ပွဲများကျင်းပပေးဖို့အတွက် အားကစားကွင်းများလည်း ရှိဖို့လိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ လယ်ဝေးမြို့နယ်ပိုင် ဘောလုံးအားကစားကွင်းကြီးကို ၁၉၈၉ ခုနှစ်ခန့်က မြို့လူထုရဲ့အားနဲ့ အကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီဘောလုံးကွင်းကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်မယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အသုံးပြုရန်ဟုဆိုကာ နိုင်ငံတော်အဆင့်လေ့ကျင့်ရေးကွင်း Training Center(2)အဖြစ် အားကစားဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်မှာ သိမ်းယူခဲ့ပါတယ်။ ယင်းနောက် လယ်ဝေးမြို့နယ်အတွက် ဘောလုံးကွင်းအသစ်ကို အမှတ်(၃)ရပ်ကွက်အတွင်း အစားထိုးပြန်လည်ချပေးခဲ့ပါတယ်။ အဲဒီလို အစားထိုးပြန်လည်ချပေးခဲ့တဲ့ ဘောလုံးကွင်းအသစ်ကလည်း လက်ရှိမှာ ဂိုးတိုင်နဲ့ခြံစည်းရိုးသာရှိပြီး ဘောလုံးကစားလို့မရရှိသေးပါဘူး။ ဒါ့ကြောင့် အစားထိုးပြန်လည်ချပေးတဲ့ ဘောလုံးအားကစားကွင်းပြင်ဆင်ခြင်းများ၊ ပွဲကြည့်စင်များ၊ အားကစားသမားများနားနေမည့်အဆောင်များစတဲ့ မြို့နယ်အဆင့်ဘောလုံးကွင်းအင်္ဂါရပ်နဲ့ကိုက်ညီတဲ့ အနေအထားမျိုးထိရောက်ရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်လို့နေပါသေးတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆီးဂိမ်းပြိုင်ပွဲများကျင်းပပြီးတဲ့နောက်မှာတော့ လေ့ကျင့်ရေးကွင်းအဖြစ် သိမ်းယူထားတဲ့ လယ်ဝေးမြို့နယ်ပိုင်အားကစားကွင်းဟောင်းကို တာဝန်ယူရတဲ့ ကွင်းတာဝန်ခံဆိုသူမှ ဘောလုံးပွဲတစ်ပွဲကန်မည်ဆိုပါက နှစ်သောင်းကျပ်နှုန်းဖြင့် ကွင်းအသုံးပြုကြေးကို ကောက်ခံနေကြောင်းလည်း သိရှိရပါတယ်။ ဒါ့ကြောင့် ဘောလုံးကစားချင်ကြတဲ့ လူငယ်တွေအနေနဲ့ အစားထိုးပေးတဲ့ဘောလုံးကွင်းသစ်ကလည်း ဘောလုံးကန်ဖို့အဆင်မပြေ ကွင်းဟောင်းမှာကန်မယ်ဆိုပြန်တော့လည်း တစ်ပွဲကန်တိုင်း နှစ်သောင်းကျပ်ပေးနေရတော့ အဆင်မပြေမှုများစွာနဲ့ ကြုံတွေ့နေရပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမြို့နယ် အတွင်းမှာရှိတဲ့ လူငယ်လူရွယ်များအနေဖြင့် အားကစားပြုလုပ်ရန်အတွက် လေ့ကျင့်ခန်းဆင်းရန်နှင့် ဘောလုံးကစားရန်အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းအသစ်တည်ဆောက်နေမှုကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် အားကစားကွင်းအသစ်မပြီးခင် အားကစားသမားများ လေ့ကျင့်ခန်းဆင်းခြင်း၊ ဘောလုံးကစားခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် လေ့ကျင့်ရေးကွင်းတွင် အခမဲ့ကစားခွင့်ပြု/မပြုကို လူငယ်လူရွယ်များကိုယ်စား သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား

လှယ် ဦးမျိုးဇော်ဦးရဲ့ မေးခွန်းဖြစ်တဲ့ လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ် တည်ဆောက်မှုကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်တည်ဆောက်ပေးမည်ကိုသိလိုခြင်းနှင့် အားကစားကွင်းသစ် မပြီးခင်စပ်ကြား မြို့နယ်အတွင်းရှိ အားကစားသမားများ လေ့ကျင့်ခန်းလုပ်ခြင်း၊ ဘောလုံးကစားခြင်း များကို ယခင်မြို့နယ်အားကစားကွင်းဟောင်းတွင် ယခင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပိုင်လေ့ကျင့်ရေးကွင်းတွင် အခမဲ့ကစားခွင့်ပြု/မပြုကို ဖြေသွားမှာဖြစ်ပါတယ်။

လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ် ၁၀ သန်းဖြင့် စတင်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါတယ်။ ဒါပေမဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များတွင် လယ်ဝေး မြို့နယ်အားကစားကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုငွေရရှိခဲ့ခြင်းမရှိပါဘူး။ သို့သော် ယခုပထမခြောက်လပတ် ဧပြီလ ၁ ရက်နေ့၊ ၂၀၁၈ ခုနှစ်မှစ၍ခြောက်လ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှာတော့ မီတာ ၄၀၀ ပြေးလမ်းကျောက်မှုန်ခင်းခြင်း၊ ဘောလုံးကွင်း ရေစိမ့်မြောင်း တည်ဆောက်ခြင်း၊ 315 KVA Transformer တစ်လုံးတပ်ဆင်ခြင်း၊ ပွဲကြည့်စင်(၁၀၀ ပေ x ၃၆ ပေ)တည်ဆောက်ခြင်း၊ Score Board ပြုလုပ်ခြင်း၊ ဘောလုံးကွင်းမြက်စိုက်ခြင်း၊ လေးခန်းတွဲဝန်ထမ်း အိမ်ရာ(၈၀ ပေ x ၃၄ ပေ)တည်ဆောက်ခြင်း၊ ရေရရှိရေးအတွက် ရေဖြန်းစနစ်များ တည်ဆောက်ခြင်း လုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေ ၄၂၄.၇၂၀ သန်းအား ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ လယ်ဝေးအားကစားကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခင်ကလည်း လယ်ဝေးမြို့နယ်အတွင်းရှိ အားကစားသမားများ လေ့ကျင့်ခန်းလုပ်ခြင်း၊ ဘောလုံးကစားခြင်း၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲအစရှိသည့် အားကစားလှုပ်ရှားမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုတင် အကြောင်းကြား ခွင့်ပြုမိန့်ရမယ်ဆိုလို့ရှိရင်တော့ Training Center(2) ယခင်မြို့နယ် အားကစား ကွင်းဟောင်းမှာ အခမဲ့ကစားရန်ခွင့်ပြုလျက်ရှိပြီး လက်ရှိတွင် လယ်ဝေးမြို့နယ်ကြက်တောင်ဆပ် ကော်မတီရဲ့ တင်ပြချက်အရလည်း တစ်နှစ်ပတ်လုံးလေ့ကျင့်ကစားနိုင်ရေးအတွက် ခွင့်ပြုပေးထား ကြောင်းသိရှိရပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှု အောက်တွင်ရှိသော ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များရှိ မည်သည့်အားကစားကွင်းတွင်မဆို အခမဲ့ ကစားနိုင်ကြောင်းကိုလည်း ပြည်သူများအား ကျွန်တော်တို့ ကြေညာထားပြီးဖြစ်ပါတယ်။ ၁၈-၁၀- ၂၀၁၇ ရက်နေ့ထုတ် ကြေးမုံ၊ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာများမှာ ကြေညာထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ယခင် တစ်ပွဲကစားလျှင် ကွင်းခမှာနှစ်သောင်းပေးတဲ့ ကိစ္စကို ကျွန်တော်ပြန်ပြီးတော့ စုံစမ်းစစ်ဆေးပြီးတော့ လိုအပ်တဲ့အရေးယူမှုကို ကျွန်တော်တို့ လုပ်သွားမှာဖြစ်ပါတယ်။ အကယ်၍သာ ထပ်ပြီးငွေတောင်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိပါက ကျွန်တော်ထံချက်ချင်းဖုန်းဆက်၍ အကြောင်းကြားလို့လည်း ရပါတယ်ခင်ဗျား။ ဒီလောက်ပဲ ကျွန်တော်တင်ပြပါမယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

မှူးကြမ်း

**လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ယခင်အောင်မြေသာယာ ဘောလုံးကွင်းအား မြို့နယ်အဆင့် ဘောလုံးအားကစားကွင်းအဖြစ် သတ်မှတ်ပေးပြီး အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက် ယခင်အောင်မြေသာယာဘောလုံးကွင်းအား မြို့နယ်အဆင့် အားကစားကွင်းအဖြစ် သတ်မှတ်ပေးပြီး အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်ပြုပြင်တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်မှာ လူဦးရေ ရှစ်သိန်းကျော်ခန့်နေထိုင်ပြီး လူနေထူထပ် သောမြို့နယ်တစ်ခုဖြစ်ပါတယ်။ လူငယ်လူရွယ်များ စာရိတ္တမြင့်မားရေး၊ ကိုယ်ကာယကြံ့ခိုင်ရေး ကျန်းမာသန်စွမ်းစေပြီး မူးယစ်ဆေးဝါးအန္တရာယ် ဒုစရိုက်လောကမှ ကင်းဝေးနိုင်စေရန်နှင့် အားကစား စိတ်ဓာတ်မြင့်မားလာစေပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်စေရန် အတွက် အဆင့်မီအားကစားကွင်း အမှန်တကယ်လိုအပ်လျက်ရှိနေပါသဖြင့် ပြည်သူများက အဆင့်မီ အားကစားကွင်းအဖြစ် ပေါ်ပေါက်လာရေးအတွက် များစွာမျှော်လင့်တောင့်တနေကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ အားကစားဆောင်ရွက်နိုင်ရန်အတွက် ကစားစရာအားကစားကွင်းများ၊ ကစား စရာနေရာများ မရှိတော့သဖြင့် လူငယ်များ အားကစားမလုပ်နိုင်ကြတော့ပါဘူး။ အဲဒီတော့ လူငယ်တွေ ကို ဒုစရိုက်အမှောင်လောကနှင့် မူးယစ်ဆေးဝါးလောကကို တွန်းပို့ပေးသလို ဖြစ်နေပါတယ်။ ဒါက လည်း တိုင်းပြည်အနာဂတ်အတွက် ရင်လေးစရာပါ။ လူငယ်လူရွယ်များ အားကစားမလုပ်နိုင်ရင် ကျန်းမာသန်စွမ်းရေး၊ စာရိတ္တမြင့်မားရေး၊ ကိုယ်ကာယကြံ့ခိုင်ရေးလည်း မကောင်းနိုင်တော့ပါဘူး။ သို့ဖြစ်ပါ၍ အောင်မြေသာယာကွင်းအား အုတ်ခြံစည်းရိုးခတ်ခြင်း၊ အဆင့်မီအားကစားကွင်းအဖြစ် ပြုပြင်တည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိကို လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အဆင့်မီအားကစားကွင်း အဖြစ် ဘဏ္ဍာနှစ်အလိုက် ပြုပြင်တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလမှ စတင် တည်ဆောက်ပေးမည်။ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဘယ့်ကြောင့်မဆောင်ရွက် ပေးနိုင် သည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း၏မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက် ယခင် အောင်မြေသာယာဘောလုံးကွင်းအား မြို့နယ်အဆင့်ဘောလုံးကွင်းအဖြစ် ပြန်လည်တည်ဆောက် ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက် ယခင်အောင်မြေသာယာဘောလုံးကွင်းမြေနေရာအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃၆/၂၀၁၇)ဖြင့် အများပြည်သူအကျိုးငှာ အားကစား ကွင်းအတွက် အသုံးပြုရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းခဲ့ပါတယ်။ ၎င်းလှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်၊ ရပ်ကွက်အမှတ်(၂)မှာတော့ ရှိပါတယ်။ (အလျား ၆၀၀ ပေxအနံ ၄၀၀ ပေ) ပွဲကြည့်စင်ပါ မြို့နယ်အဆင့်အားကစားကွင်းနှင့် (အလျား ၁၂၀ ပေxအနံ ၁၁၅ ပေ)ရှိ လျှာထိုးကြမ်းခင်းပါ (က)အဆင့်အားကစားရုံတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီး ဌာနကနေပြီးတော့ ၂၀၀၄ ခုနှစ်တည်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို လွှဲပြောင်းပေး အပ်ခဲ့ပြီး ဒီအားကစားကွင်းမှာတော့ အားကစားကွင်းနှင့် အားကစားရုံတွေမှာတော့ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှဦးစီး၍ ရပ်ကွက်ပေါင်းစုံဘောလုံး ပြိုင်ပွဲများ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပါတယ်။ အဆိုပါ လှိုင်သာယာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အားကစားကွင်းနှင့် ယခင် အောင်မြေသာယာဘောလုံးကွင်း တို့မှာ သုံးမိုင်ပဲဝေးပါတယ်။

ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေမှ လှိုင်သာယာမြို့နယ်အားကစားရုံ အမိုး၊ ကြမ်းခင်းနှင့် တံခါးပေါက် ပြင်ဆင်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၅၀၃ သိန်းနှင့် ဘောလုံးကွင်းသဲဖြည့်ခြင်း၊ Scored Board ပြုပြင်ခြင်းနှင့် ပွဲကြည့်စင်ပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ငွေကျပ် ၃၀ သိန်း စုစုပေါင်း ကျပ် ၅၃၃ သိန်းနှင့် လုပ်ငန်းများ ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်ရှိ ယခုမေးထားသော ယခင် အောင်မြေသာယာဘောလုံးကွင်းအား မြို့နယ်အဆင့်ကွင်းအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ရေး ကိစ္စနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြု ရန်ပုံငွေစာရင်းတွင် ခွင့်ပြုလျာထားတင်ပြပေးပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း လူဦးရေ ကလည်း ခြောက်သိန်းကျော်ရှိပြီးတော့ ဒီရပ်ကွက်ဟာဆိုလို့ရှိရင်လည်း ချမ်းသာတဲ့ရပ်ကွက်မဟုတ်ပါ ဘူး။ သို့သော် အားကစားကိစ္စကို ပိုမိုလုပ်နိုင်ရန်အတွက် ကျွန်တော်တို့အမြန်ဆုံး Outdoor

Equipment များ တော်တော်များများကို လှိုင်သာယာကိုပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ပေးလည်းပေးထားပြီးပါပြီ။ ထို့အပြင် Table Tennis ခုံတွေကိုထားလို့ရမယ်ဆိုရင်လည်း Table Tennis ခုံကို ဘက်တံနဲ့နပ်(စ်)များကိုလည်း ပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ပြည်သူများ National Fitness ရဖို့ အထူးသဖြင့် လှိုင်သာယာစက်မှုဇုန်မှာနေသော ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အလွန်အရေးကြီးပါတယ်။ ၎င်းတို့ကျန်းမာကြံ့ခိုင်မှ သာလျှင် ကျွန်တော်တို့ဆေးရုံတွေကို လူနာများနည်းမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီကိစ္စကို အထူးဦးစားပေးကိစ္စတစ်ရပ်အနေနဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။

**မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန၊ အန္တရာယ်ရှိအဆောက်အဦအား ဖျက်သိမ်း၍ အဆောက်အဦ သစ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ဦးခင်မောင်လတ် မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော်၏ မြန်အောင်မြို့နယ်တွင်ရှိတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးကုဌာနဟာ မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက် ဘလင်ကျောင်းကြီးလမ်းနှင့် ဇေယျာသီရိဘုရားလမ်းဆုံရာ အမှတ်(၁) အ.ထ.က ကျောင်းနှင့် ရှေးဟောင်းသမိုင်းဝင် မင်းကံကြီး ရေကန်အနီးမှာ ဆက်စပ်တည်ရှိနေပါတယ်။ အဆောက်အဦမှာ (အလျား ၃၀ ပေ x အနံ ၃၀ ပေ x အမြင့် ၃၀ ပေ)ရှိသော သစ်သားအုပ်ညှပ်တစ်ထပ် အမျိုးအစားအဆောက်အဦဖြစ်ပါတယ်။ ပြည်သူ့ ထည့်ဝင် ငွေ ကျပ်သိန်း ၄၀ ကျော်၊ ဌာနထည့်ဝင်ငွေ သိန်း ၂၀ ကျပ်ဖြင့် ၂၅-၁-၂၀၀၅ ရက်နေ့မှ စတင် ဆောက်လုပ်ခဲ့ပြီး ယခုအခါ အဆောက်အဦသက်တမ်းမှာ ၁၀ နှစ်ကျော်ခန့် ရှိလာပြီဖြစ်ပါတယ်။ ဆောက်လုပ်စဉ်က အားနည်းမပြည့်စုံမှုကြောင့် ပတ်လည်နံရံများ အတွင်းအပြင် ဆက်စပ်ကွဲအက်ခြင်း၊ အဓိကတိုင်နေရာများ ကွဲအက်ချို့ယွင်းခြင်း၊ အခင်းကွန်ကရစ်သားများ ကျိုးပေါက်ပျက်စီးခြင်းများ အဆောက်အဦအနှံ့ဖြစ်ပေါ်လျက် ဥပဓိရုပ်ပျက်စီးပြီး အန္တရာယ်ရှိအဆောက်အဦတစ်ခုဖြစ်နေပါတယ်။ ရာသီဥတုနှင့်သဘာဝဘေးအန္တရာယ်အတွက် အထူးစိုးရိမ်ရတဲ့အန္တရာယ်ရှိသည့် အများပြည်သူဆိုင် ရာအဆောက်အဦတစ်ခု ဖြစ်နေပါတယ်ခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ၎င်းမြို့နယ်တိုင်းရင်းဆေးကုဌာနမှာ မြန်အောင်မြို့နယ်တွင် တစ်ခုတည်းသော တိုင်းရင်းဆေးကုဌာန ဖြစ်ပြီး ဒုတိယတိုင်းရင်းဆေးမှူးမှ မြို့နယ်တိုင်းရင်းဆေးမှူးအဖြစ် တာဝန်ယူရပြီး ဆေးခန်းအကူ တစ်ဦးဖြင့် ဆေးဝါးကုသဝန်ဆောင်မှုပေးနေရသော မြို့နယ်အဆင့်ဆေးကုဌာနဖြစ်ပါတယ်။ မြန်မာ့ ဆေးကုသခြင်းအတွက် ပြည်သူများအားကိုးအားထားပြုရာ မြန်မာ့တိုင်းရင်းဆေးဝါးများ အခိုင်အမာ ရပ်တည်ဖြန့်ဖြူးရာဌာနအဆောက်အဦ ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာကုထုံးများဖြင့် ထည်ဝါစွာ ကုသပေးရာဌာနတစ်ခုရဲ့ ဂုဏ်ဒြပ်နှင့်အညီ လိုက်လျောညီထွေရှိသော အဆောက်အဦတစ်ခုဖြစ်ရန်

လည်း လိုအပ်မည်ဖြစ်ပါတယ်။ အဆောက်အဦ၏ဥပမိရုပ် ဆုတ်ယုတ်နိမ့်ကျမှုသည် တိုင်းရင်းဆေးကုသမှု၏အရှိန်အဝါကို ထိခိုက်စေမှာဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးလိုသောမေးခွန်းမှာ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုသဌာန၏ အန္တရာယ်ရှိအဆောက်အဦအား ဖျက်သိမ်း၍ အဆောက်အဦသစ်ချထားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်သွားမည်ကို သိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၏မေးမြန်းချက်ဖြစ်သော တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာနကို အန္တရာယ်ရှိ အဆောက်အဦအား ဖျက်သိမ်း၍ အဆောက်အဦသစ်ချထားရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနရှိ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာနကို မြေဧရိယာ ဝ.၂၅၇ ဧကအပေါ် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ ကျော်၊ ဌာနထည့်ဝင်ငွေကျပ်သိန်း ၂၀ ကျော် စုစုပေါင်းကျပ်သိန်း ၆၀ ကျော်ဖြင့် ၂၅-၁-၂၀၀၅ ရက်နေ့တွင် စတင်ဆောက်လုပ်၍ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ရာ အဆောက်အဦမှာ ၁၀ နှစ်ကျော်သက်တမ်းရှိပြီး မြေဂရန်လည်း ရရှိထားတဲ့ အဆောက်အဦဖြစ်ပါတယ်။ ယခုလောလောဆယ် မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန ခြံစည်းရိုးကာရန်အတွက် ကျပ် ၃.၁၃ သန်းကို ဧပြီ ၁ ရက်နေ့မှစတင်ပြီး ဘတ်ဂျက်ခြောက်လတွင် ခွင့်ပြုရန်ပုံငွေလည်း ရထားပြီးဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်၍ မြန်အောင်မြို့နယ်တိုင်းရင်းဆေးကုသမှုဌာနအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းဦးစီးဌာနတို့ပါဝင်သည့် တည်ဆောက်ရေးအရည်အသွေးစစ်ဆေးမှုကြီးကြပ်ကော်မတီမှ ၁၀-၁-၂၀၁၈ ရက်နေ့တွင် သွားရောက်စစ်ဆေးကြည့်ရာ ရုံးအဆောက်အဦအဖြစ်ပြန်လည်ပြုပြင်ဆင်ရန် မသင့်တော်ပါကြောင်းနှင့် အသစ်ဆောက်လုပ်ရန်သင့်ကြောင်း တွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီမှာကြည့်လိုက်တဲ့အခါမှာ လူနာဦးရေကတော့ တစ်နှစ်ပတ်လုံးမှာမှ ၁၈၀၆ ယောက်ပဲလာတာကို တွေ့ရပါတယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာတော့ ကျွန်တော်တို့က တစ်ပြည်လုံးမှာ ဝန်ထမ်းအိမ်ရာကိုပဲဦးစားပေးပြီးတော့ ဆောက်လုပ်ဖို့ရှိပါတယ်။ ဝန်ထမ်းအိမ်ရာဦးစားပေးဆိုတာလည်း ဆရာဝန်များ လွှတ်တဲ့နေရာကိုမသွားဘူး၊ ဝန်ထမ်းကမသွားဘူးဆိုတာ ဝန်ထမ်းအိမ်ရာမရှိလို့မသွားခြင်းဖြစ်တဲ့အတွက် ဝန်ထမ်းအိမ်ရာ(၂)အဖြစ် ကျွန်တော်တို့ သတ်မှတ်ပြီး ဆောက်မှာဖြစ်တဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ထည့်သွင်းလျာထားမှာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီမှာ အန္တရာယ်မရှိစေရန်အတွက်ကတော့ ပြင်ထိန်းစရိတ်နဲ့ အတတ်နိုင်ဆုံး ကျွန်တော်တို့ ဒါကိုပြင်ဆင်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုအစိုးရ၏ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူလူထု ပိုမိုအားထားလာသော မျက်စိအထူးကုဆေးရုံကြီး(YANGON EYE HOSPITAL)အား ဆေးရုံအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပြည်ထောင်စုအစိုးရရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူလူထုပိုမိုအားထားလာတဲ့ မျက်စိအထူးကုဆေးရုံကြီး (YANGON EYE HOSPITAL)ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်လမ်းမှာတည်ရှိတဲ့ မျက်စိအထူးကုဆေးရုံကြီး(YANGON EYE HOSPITAL)က ဗဟိုအဆင့်မြင့်ပင်မဆေးရုံကြီးတစ်ခုဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်ကလာရောက်ပြီးတော့ မျက်စိရောဂါအမျိုးမျိုးနဲ့ လာရောက်ကုသပြသကြတဲ့သူတွေဟာဆိုလို့ရှိရင် တစ်နှစ်ထက်တစ်နှစ် အတွင်းလူနာဌာနမှာရော၊ အပြင်လူနာဌာနမှာရော ပိုမိုများပြားလာတာကိုတွေ့ရပါတယ်။ အပြင်လူနာဌာနမှာလာရောက်ပြသကြတဲ့လူနာတွေဟာဆိုလို့ရှိရင် နှစ်အလိုက်ကုသမှုမှာ များပြားလာတာဖြစ်ပြီးတော့ ၂၀၁၇ ခုနှစ်မှာ ၉၀၀၀၀ ကျော်အထိ ဖြစ်လာပါတယ်။ အဲဒီလိုများပြားလာတဲ့အတွက် ပြင်ပလူနာဌာနကိုလည်း တိုးချဲ့ဖို့လိုအပ်လာတာကို သွားတွေ့ရပါတယ်။ နောက် လူနာကြည့်ရှုရမှုနှင့်ပတ်သက်ပြီးတော့ ဒီလိုပြသတဲ့သူတွေများပြားလာတဲ့အတွက်၊ နေရာချထားမှုအခက်အခဲတွေဖြစ်လာတဲ့အတွက် ဆေးရုံရဲ့ပြင်ပလူနာဌာနရှေ့မှာဆိုလို့ရှိရင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရတာတွေဖြစ်လာတဲ့အတွက် ဒီပြင်ပလူနာဌာနဟာ ထပ်မံတိုးချဲ့ဖို့ လိုအပ်တာကိုသွားတွေ့ရပါတယ်။ နှစ်အလိုက် လူနာကြည့်ရှုရမှုတွေကို ၂၀၁၂ ခုနှစ်ကနေပြီးတော့ ၂၀၁၇ ခုနှစ် ကိန်းဂဏန်းတွေ ပြန်ကြည့်မယ်ဆိုလို့ရှိရင် အဲဒီမှာ လူနာပြသမှုအရေအတွက်က နှစ်ဆအထိတိုးလာတာကို သွားတွေ့ရပါလိမ့်မယ်။ လူနာစောင့်ဆိုင်းရမှုတွေဟာလည်းပဲ များပြားလာတဲ့အတွက် အဲဒီလိုပဲ လူနာတွေဟာ ခွဲစိတ်ခန်းရှေ့တွေမှာ အချိန်ပေးပြီးစောင့်ရတာတွေ ဖြစ်လာတယ်။ နောက်ပြီးတော့ တစ်နေ့ကိုဆိုလို့ရှိရင် ခွဲစိတ်ကုသဖို့ လူနာ ၁၀၀ လောက်ကို ကြည့်ရှုနေရတာဖြစ်တဲ့အတွက် နေ့စဉ်အခက်အခဲတွေနဲ့ ကြုံတွေ့နေရတာကို သွားတွေ့ရပါတယ်။ နှစ်အလိုက်ခွဲစိတ်ရမှုတွေကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း တဖြည်းဖြည်းတိုးတက်လာပြီးတော့ ဒီမှာဆိုလို့ရှိရင် Minor Operation နဲ့ Major Operation ပေါင်းလိုက်မယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် ကိန်းဂဏန်းအရ ပြီးခဲ့တဲ့နှစ်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် နှစ်ဆကျော် သုံးဆ

နီးပါးအထိကို တိုးလာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ခွဲစိတ်ခန်း တွေမှာရှိတဲ့ စောင့်ဆိုင်းနေရတဲ့ လူနာတွေကိုလည်း တာဝန်ကျတဲ့ဆရာဆရာမတွေက ကုသတဲ့အခါမှာ ညအချိန်အထိပါ အချိန်ယူပြီး ကုသရတာဖြစ်လာတဲ့အတွက် တာဝန်ကျဆရာဝန်တွေ၊ သူနာပြုတွေ၊ ဝန်ထမ်းတွေမှာလည်း မနိုင် ဝန်ထမ်းနေရပါတယ်။ ခွဲစိတ်ခွဲခန်းကလည်း ငါးခန်းပဲရှိတဲ့အတွက် ခွဲစိတ်ခန်းတွေကို ထပ်မံတိုးချဲ့ဖို့ လည်း လိုအပ်တာကို သွားတွေ့ရပါတယ်။ ဒီမှာဆိုလို့ရှိရင် ဆေးရုံကြီးမှာထားရှိတဲ့ ခွဲစိတ်ရေး၊ ကုသရေး၊ မျက်စိစမ်းသပ်ရေးနှင့်ပတ်သက်တဲ့ အဆင့်မြင့်တန်ဖိုး ကြီးစက်ကိရိယာတွေ ဖြစ်ပါတယ်။ အဲဒီအထဲမှာဆိုလို့ရှိရင် မျက်စိခွဲစိတ်ကုသရာမှာသုံးတဲ့ Megatrom စက်ဆိုလို့ရှိရင် အမေရိကန် ဒေါ်လာ ၆၀၀၀၀ ကျော်တန်ဖိုးရှိပါတယ်။ ဒီလိုစက်ကိရိယာတွေ စနစ်တကျထားနိုင်ဖို့အတွက် နေရာအလုံအလောက်ရှိဖို့ ထပ်မံပြီးတော့ ဒီဆေးရုံကြီးကို အဆင့်မြင့်တိုးချဲ့ရန် လိုလာပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုကနေပြီး အားထားမှုပိုမိုများပြားလာတဲ့ မျက်စိဆေးရုံကြီး(YANGON EYE HOSPITAL)ကို အဆင့်မြင့်တိုးချဲ့ ပေးဖို့အစီအစဉ်ရှိ/မရှိနဲ့ မည်သည့်ဘဏ္ဍာရေးနှစ်မှာ အဆင့်မြင့် တိုးချဲ့ပေးနိုင်မလဲဆိုတာကို သိလိုတဲ့အတွက် ပြည်သူလူထုအကျိုးရှေးရှုပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို သတ်မှတ်ထားတဲ့အချိန်ထက် နည်းနည်းလေးပိုမှာဖြစ်တဲ့အတွက် ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၏မေးခွန်းဖြစ်သော ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးကို အဆင့်မြင့်တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ရန်ကုန်မျက်စိအထူးကုဆေးရုံရဲ့ ဆေးရုံလုပ်ငန်း ငါးနှစ်စာစာရင်း ဇယားများကို ကျွန်တော်ပြန်လည်ပြီးတော့ သုံးသပ်လိုက်တဲ့အခါမှာ တစ်နေ့ကို ပျမ်းမျှအတွင်းလူနာက ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ တစ်ရက်ကို ၇၄ ဦးရှိပါတယ်။ အနည်းဆုံး ၅၄ ဦးကနေ အများဆုံး ၉၀ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ။ ဆေးရုံခုတင်အသုံးချ မှုရာခိုင်နှုန်းတွက်တဲ့ အခါမှာလည်း ၃၆ ရာခိုင်နှုန်းကနေပြီးတော့ ၆၀ ရာခိုင်နှုန်းအထိပဲရှိတာကို တွေ့ရပါတယ်။ ပျမ်းမျှ အားဖြင့် ၄၉.၆ ရာခိုင်နှုန်းပဲရှိတာကို တွေ့ရပါတယ်။ ထို့အပြင် တစ်နေ့ပျမ်းမျှ ပြင်ပလူနာကတော့ နည်းနည်းများပါတယ်။ သို့သော် အနည်းဆုံး ၂၄၇ ယောက်ကနေ အများဆုံး ၃၈၃ ယောက်ရှိပြီးတော့ ငါးနှစ်စာပျမ်းမျှကတော့ ၃၀၃ ဦးရှိပါတယ်။ ပြင်ပလူနာများတယ်ဆိုတာလည်း မျက်စိရောဂါရဲ့ Nature of Job ရောဂါပေါ့လေ။ အဲဒါကြောင့် မျက်မှန်စမ်းသပ်ခြင်း၊ မျက်စိမှုန်ခြင်း၊ မျက်စိ အားနည်းခြင်းကို လာပြတဲ့သူတွေက တော်တော်များပါတယ်။ ကျွန်တော်တို့ဆေးရုံကို အခုနကပြောတဲ့ အခုလောလောဆယ် ခုတင် ၁၅၀ ဖြစ်သော်လည်း ခုတင်ကို ထပ်တိုးဖို့ဆိုလို့ရှိရင် ခုတင်အသုံးပြုမှု

ရာခိုင်နှုန်းက ၁၅၀ ရာခိုင်နှုန်းရှိမှသာလျှင် တိုးခြင်းဖြစ်ပါတယ်။ သို့သော် ၁၅၀ ဆိုသော်လည်း ၁၀၀ ရာခိုင်နှုန်းရှိရင်တောင်မှ Increasing ပေါ့၊ ဒီလိုတက်လာမယ်ဆိုရင် ကျွန်တော်တို့စဉ်းစားပါတယ်။ ၁၃၀ ရှိပြီး တန်းနေလို့ရှိရင်လည်း ကျွန်တော်တို့ တစ်မျိုးစဉ်းစားပါတယ်။ ဒါတွေက ယေဘုယျအားဖြင့် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ခွဲစိတ်ခန်းကတော့ ဟုတ်ပါတယ်။ သို့သော်လည်း Eye surgery လုပ်တဲ့ဆရာဝန်တွေက တော်တော်လည်း Experience ရှိပါတယ်။ ကျွမ်းကျင်တဲ့အတွက် Eye Surgery မှာ Basic Eye Surgery နဲ့ Advanced Eye Surgery ရှိပါတယ်။ Basic Eye Surgery မှာ Glaucoma အတွင်းတိမ်နဲ့ ရေတိမ်ခွဲမယ်ဆိုလို့ရှိရင် အကြမ်းအားဖြင့်မိနစ် ၃၀ ခန့်ပဲ ကြာပါတယ်။ ဒီ Advanced Eye Surgery မှာတော့ Corneal Region အပြင်းလား ဘာမှပြဿနာ မရှိတဲ့ Uncomplicated ဆိုရင်တော့ တစ်နာရီ၊ တစ်နာရီခွဲကြာပါတယ်။ Complicated ဆိုရင်တော့ နှစ်နာရီနဲ့ သုံးနာရီကြာပါ တယ်။ သို့သော်လည်း မိမိတို့၏မျက်စိအထူးကုဆရာဝန်ကြီးကလည်း တော်တော်ကျွမ်းကျင်တဲ့အတွက် တော်တော်လည်းမြန်တာကို တွေ့ရပါတယ်။

သို့သော်လည်း ခွဲစိတ်ခန်းအခြေအနေကြည့်တဲ့အခါမှာတော့ နည်းနည်းတော့လိုမယ်ဆိုတာကို သိရှိရပါတယ်။ ပြင်ပလူနာအနေနဲ့တော့ အဆင်ပြေတယ်ဆိုတာက ဘာကြောင့်အဆင်ပြေသလဲဆိုတော့ လူနာတန်းစီရတာတော့ဟုတ်ပါတယ်။ သို့သော် ကြည့်ရှုတဲ့ဆရာဝန်က ၁၀ ဦးကနေ ၁၆ ဦးအထိ တနင်္လာနေ့ကနေ သောကြာနေ့အထိ မနက် ၈ နာရီကနေ ည ၄ နာရီအထိ ကြည့်ရှုပြီး လူနာစောင့်ရတဲ့ အချိန်က ၁၅ မိနစ်ကနေ မိနစ် ၃၀ ပဲ ကြာတယ်လို့ တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဒီကိစ္စမှာ ကျွန်တော်က Implementation Research။ မကြာပါဘူး။ တစ်လအတွင်းအဖြေသိမှာပါ။ လူနာတွေ ဘယ်နှစ်ယောက်လာတယ်။ ဘယ်နှစ်ယောက်စောင့်ရတယ်ဆိုတာကို ကျွန်တော်တို့ဒါလုပ်လိုက်ပါ တယ်။ လုပ်လိုက်လို့ရှိရင် လူနာတစ်ယောက်သည် နှစ်နာရီလောက်၊ တစ်နာရီကျော် စောင့်ရမယ်ဆိုရင် တော့ သိပ်ပြီးလက်ခံစရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့ ဒါကို ပြန်လည်ကြည့်ရှုပေးပါမယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာ မှန်ပါတယ်။ ပြင်ပလူနာမှာ နေရာ(ပေ ၃၀ x ပေ ၃၀) ပတ်လည်ဖြစ်တဲ့အတွက် နေရာနည်းနည်းကျဉ်းနေပါတယ်။ ဒီဥစ္စာကိုလည်း ကျွန်တော်တို့ ပြန်လည် ကြည့်ရှုပေးပါမယ်။ အတွင်းလူနာအနေနဲ့တော့ အဆင်ပြေပါတယ်။ ခွဲခန်းတွေအနေနဲ့ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ ခွဲစိတ်ခန်းငါးခန်း ရှိပါတယ်။ တစ်ခန်းမှာ ခုတင်တစ်ခုရှိပါတယ်။ တစ်နေ့မှာ လူနာ ၄၄ ဦးကနေ ၈၄ ဦးရှိပါတယ်။ ငါးနှစ်စာပျမ်းမျှနဲ့ တစ်နေ့ကို ၆၃ ဦး ခွဲတာ တွေ့ရပါတယ်။ လူနာအတွက် ရက်ချိန်းကိစ္စမှာဆိုလို့ရှိရင် ပြန်လည်သုံးသပ်တဲ့အခါမှာဆိုလို့ရှိရင် အဆင်မပြေလို့ရှိရင်တော့ နှစ်ပတ် ကနေ လေးပတ်ကြာတာ ရှိပါတယ်။ သို့သော်လည်း ဒီကိစ္စမှာ ကျွန်တော်တစ်ချက်တင်ပြချင်တာက ကမ္ဘာ့တိုးတက်တဲ့နိုင်ငံဖြစ်တဲ့ အမေရိကန်၊ ဩစတေးလျမှာတောင်မှ လူနာကိုခွဲဖို့အတွက်ကို ရက်ချိန်း က ဒီလောက်နဲ့မရပါဘူး။ တချို့ဆို သုံးလ၊ လေးလ၊ ခြောက်လ အဲဒီလောက်ထိတောင်ရှိပါတယ်။ ဒီကိစ္စမှာ နှစ်ပတ်ကနေ လေးပတ်ပဲတွေ့တယ်။ ဒါကိုလည်း ကျွန်တော်တို့အခုနက Implementation Research ကို အသုံးချသုတေသန တစ်လအတွင်းသိပါတယ်။ ဒါကို လုပ်လိုက်လို့ရှိရင် အသေးစိတ်၊ အတိအကျ ကျွန်တော်တို့သိမယ်။ အတိအကျသိလို့ တကယ်ပဲလိုတယ်ဆိုရင် ဖြစ်တဲ့နည်းနဲ့ ဒီနှစ်တော့ ကျွန်တော်တို့လုပ်ပေးဖို့ ရှိပါတယ်။ အဲဒါလေးရှိပါတယ်။ အခုနကတင်ပြတဲ့ ခေတ်မီတန်ဖိုးကြီးရှာဖွေ

ကိရိယာများ နေရာချထားရန်ကိစ္စကတော့ ဦးစားပေးမဟုတ်သော်လည်း သီးသန့်ခန်းလိုအပ်ကြောင်းကိုတော့ ကျွန်တော်သိရှိပါတယ်။

ဒါလည်းကျွန်တော်တို့ ကြည့်စီစဉ်ပေးပါမယ်။ ခုနပြောတဲ့ ဒီ သင်ကြားရေးစာသင်ခန်းနဲ့ ပတ်သက်လို့ကတော့ လုံးဝလိုနေတာကို တွေ့ပါတယ်။ ဘာကြောင့်လိုနေလဲ။ စာသင်ခန်းက နှစ်ခန်းပဲ ရှိပါတယ်။ စာကြည့်တဲ့အခန်းနှင့် အစည်းအဝေးခန်း တစ်ခန်းရှိပါတယ်။ ဆေးကျောင်းသားတွေ နောက်ဆုံးနှစ်အပိုင်း(က)မှာ တစ်နှစ်ကို ၅၀၀ လောက်လာပါတယ်။ မျက်စိနဲ့ပတ်သက်ပြီးတော့ Post Graduate(Doctorate)ပေါ့။ ပါရဂူဘွဲ့ကိုက ၁၆ ယောက်ရှိတယ်။ Master ဘွဲ့ကလည်း ၃၀ ယောက်ရှိတယ်။ ထို့ပြင် ကျွန်တော်တို့ Medicine မှာဆိုလို့ရှိရင် ၄၀ ဦး၊ Child မှာဆိုရင် ၄၀ ဦး၊ Oncology ဆိုရင် ၄၀ ဦး၊ Emergency ၃ ဦးအစရှိသဖြင့် Diploma တွေရှိပါတယ်။ သူနာပြုကျောင်းသားများလည်း ၄၀ ရှိပါတယ်။ BNSH အရမ်းများပါတယ်။ ဒီကိစ္စကိုတော့ ကျွန်တော်တို့ အထူးဦးစားပေးတစ်ရပ်အနေနဲ့ လုပ်ပေးပါမယ်။ ဒီကိစ္စမှာ လုပ်လို့ရတယ်ဆိုတာက လူနာနဲ့လက်တွေ့ပြတဲ့ ကိစ္စမှာပြ၊ သို့သော် သူတို့ကိုသင်ကြားရေးအတွက်ကို အနီးဆုံးနေရာမှာ ကျိုက္ကဆံကွင်း ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရှိတယ်။ အဲဒီမှာလည်း အခန်းတွေနဲ့ဖွဲ့ပြီး သွားသင်လို့ရပါတယ်။ ဒီ မျက်စိဆေးရုံမှာလာသင်ဖို့ဆိုတာကတော့ အဓိပ္ပာယ်လုံးဝမရှိပါဘူး။ ဒီလောက် ကျပ်ညှပ်သပ်ပြီးတော့ဆိုလို့ရှိရင် သင်ကြားရေးမှာလည်း လုံးဝအဆင်မပြေတဲ့အတွက် ဒီကိစ္စကို ကျွန်တော်အမြန်ဆုံး ဆောင်ရွက်ပေးပါမယ်။ လူနာနဲ့လက်တွေ့ပြပြီးသင်တဲ့ကိစ္စတွေမှာတော့ ဆေးရုံမှာပဲသင်ရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့အမြန်ဆုံးကြည့်ပေးပါမယ်။ ဆရာဝန်လိုအပ်ချက်နဲ့ပတ်သက်လို့ကတော့ ဒီဆေးရုံအနေနဲ့ တော်တော်လေးကောင်းပါတယ်ခင်ဗျ။ မြန်မာပြည်မှာ ဘယ်နိုင်ငံမှ ဒီလောက်မရှိပါဘူး။ ဆရာဝန်အနေနဲ့ ခွင့်ပြုခန့်ထား ခွင့်ပြု ၅၈ ယောက်၊ ခန့်ထား ၅၀၊ ၈၆ ရာခိုင်နှုန်းရှိပါတယ်။ သူနာပြု ခွင့်ပြု ၈၁ ယောက်၊ ခန့်ထား ၅၇ ယောက်၊ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ ကျွမ်းကျင်လုပ်သား ခွင့်ပြု ၂၇ ယောက်၊ ခန့်ထား ၂၀ ယောက်၊ ၇၄ ရာခိုင်နှုန်းရှိပါတယ်။ အခြားဝန်ထမ်းများ ခွင့်ပြု ၁၄၀ ယောက်၊ ခန့်ထား ၈၉ ယောက်၊ ၆၄ ရာခိုင်နှုန်းရှိပါတယ်။ ထို့အပြင် ဒီဆရာဝန် ၅၈ ဦးအပြင် ဆေးတက္ကသိုလ်နှင့် အခြားတက္ကသိုလ်မှ ဆရာဝန်များဟာလည်း ၃၇ ဦးရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဒီမှာလာသင်တဲ့ ပါရဂူဘွဲ့တက်တဲ့ဆရာဝန်တွေ၊ Master တက်တဲ့ဆရာဝန်တွေကလည်း လူနာတွေကို ကြည့်ပေးလို့ရပါတယ်။ ကုပေးလို့ရတယ်။ ဆိုလိုတာက ဒီဆေးရုံမှာရှိတဲ့ ဆရာဝန် အင်အားသည် မူလ ၁၅၀ ခုတင်မှာဆံ့တဲ့ ဆရာဝန်အင်အားထက် ပိုမိုများပြားတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ဆေးရုံအုပ်ကြီးအနေနဲ့ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနမှာပါဝင်သော နှစ်ထပ်ဆောက်လုပ်ရေးပေးရေးနှင့် ဝန်ထမ်းအင်အားတိုးမြှင့်ခန့်ထားပေးရန် တင်ပြထားသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ်ကတော့ ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာကို ဦးစားပေးမယ်။ အဲဒီတော့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ အမြန်ဆုံးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သင်ကြားမှုအခန်းတွေကတော့ အမြန်ဆုံး လုပ်ပေးပါမယ်။ သို့သော်လည်း ကျွန်တော်တို့တင်ပြချက်က စာရင်းဇယား Data အပေါ်မှာ Analyze လုပ်ပြီးတင်ပြခြင်းဖြစ်တယ်။ သို့သော်လည်း ဗဟိုက အဖွဲ့၊ တိုင်းဒေသကြီးကအဖွဲ့ ကွင်းဆင်းပြီးတော့ အသေးစိတ်ပြန်လည်လေ့လာမယ်။ လေ့လာလို့ လိုအပ်ရင် လိုအပ်သလို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ

ကျွန်တော်တို့ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာအုပ်စု၊ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာအုပ်စု၊ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနကနေပြီးတော့မှ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာကျန်းမာရေးဌာနဟာ မုံရွာ-ယင်းမာပင်-လည်ငေါက်-အလောင်းတော်ကဿပ လမ်းမကြီးရဲ့ဘေး ဓမ္မချောင်းရဲ့မြောက်ဘက်မှာတည်ရှိပါတယ်။ ရင်ပေါင်တိုင် ကျေးလက်ကျန်းမာရေးဌာနရဲ့အရှေ့ဘက်မှာ ယင်းမာပင်မြို့နယ်နှင့် အနောက်ဘက်မှာတော့ ပုလဲမြို့နယ်၊ မြောက်ဘက်မှာ ဆင်စွယ်ကျေးလက်ကျန်းမာရေးဌာနခွဲတို့ရှိပါတယ်။ ရင်ပေါင်တိုင်ကျေးလက် ကျန်းမာရေးဌာန အဝန်းအဝိုင်းအနေနဲ့ (အလျား ၁၅ မိုင် x အနံ ၇ မိုင်)ရှိပြီး ၁၀၅ ဧရိယာစတုရန်းမိုင်ကျယ်ဝန်းပါတယ်။ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုတို့ဖြင့်ဖွဲ့စည်းထားပါတယ်။ ရင်ပေါင်တိုင်အပါအဝင် ကုန်းရွာကျေးလက်ကျန်းမာရေးဌာနခွဲ၊ နင်းကိုင်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ၊ မင်းမကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ အင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇီးတောကျေးလက်ကျန်းမာရေးဌာနခွဲတို့မှ အိမ်ခြေစုစုပေါင်း ၆၆၂၀၊ လူဦးရေစုစုပေါင်း ၃၄၃၆၇ ဦးရှိပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ရရှိမည်ဆိုပါက ကျေးရွာအုပ်စုပေါင်း ၁၉ အုပ်စု၊ ကျေးရွာပေါင်း ၈၀ ရွာ၊ အိမ်ထောင်စုပေါင်း ၁၁၁၇၉ ဦး၊ လူဦးရေစုစုပေါင်း ၆၀၁၈၃ ဦးကို ကျန်းမာရေးအကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ရင်ပေါင်တိုင်ကျေးရွာတိုက်နယ်ဆေးရုံအဝန်းအဝိုင်းအနေဖြင့် (အလျား ၁၅ မိုင် x အနံ ၁၂ မိုင်)ရှိပြီး ဧရိယာစတုရန်းမိုင် ၁၈၀ ကျယ်ဝန်းလာမှာဖြစ်ပါတယ်။ အဲဒီဒေသမှာရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်တဲ့အပြင် ပုလဲမြို့နယ်မှ ကျေးရွာပေါင်း ၁၉ ရွာနဲ့ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်၊ မောက်လုပ်၊ အင်တောကျေးလက်ကျန်းမာရေးဌာနခွဲတို့မှ ပြည်သူများကိုလည်း ကျန်းမာရေးအကျိုးပြု လုပ်ငန်းများဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ လက်ရှိ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနဟာ ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးနဲ့ ၁၂ မိုင်၊ မုံရွာပြည်သူ့ဆေးရုံကြီးနဲ့ ၂၉ မိုင်၊ ကာပိုင်တိုက်နယ် ဆေးရုံနဲ့ ၁၂ မိုင်အကွာအဝေးမှာ တည်ရှိပါတယ်။ လက်ရှိ ရင်ပေါင်တိုင် ကျေးလက်ကျန်းမာရေးဌာနမှာ (အလျား ၄၀ ပေ x အနံ ၃၀ ပေ)ရှိတဲ့ အုတ်ပန္နခံ ပျဉ်ထောင်သွပ်မိုး လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဆောက်ခဲ့တဲ့ အဆောင်တစ်ဆောင်နဲ့ (အလျား ၂၀ ပေ x အနံ ၁၄ ပေ) အုတ်နံရံကပ်သွပ်မိုး တစ်ထပ်သားဖွားဆောင်

တို့ရှိပါတယ်။ ဆေးခန်းအကျယ် အဝန်းကတော့ (အလျား ၂၉၀ ပေx အနံ ၁၇၀ ပေ) ဧရိယာကျယ်ဝန်းပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ရရှိမယ်ဆိုပါက မြေနေရာလည်းရှိပြီးဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံအတွက် မြေနေရာအကျယ်အဝန်း (အလျား ၅၀၀ ပေ အနံ x ၃၅၀ ပေ) ဧရိယာကျယ်ဝန်းတဲ့ မြေနေရာကို အလှူရှင်ကနေပြီးတော့ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် လှူဒါန်းပြီးဖြစ်တဲ့အပြင် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှလည်း မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆)ကိုလည်း ရရှိတင်ပြထားပြီးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ရင်ပေါင်တိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံကို ကားဖြင့်သွားမယ်ဆိုရင် ၄၅ မိနစ်၊ မုံရွာပြည်သူ့ဆေးရုံသို့ သွားမယ်ဆိုရင်တော့ တစ်နာရီ ၄၅ မိနစ်ကြာသွားရမှာဖြစ်ပါတယ်။ ရွှေဆံပင်ဆရာတော်ကနေပြီးတော့ ရွှေမေတ္တာဓမ္မချောင်းကူးတံတားကြီးကို ဆောက်လုပ်ပြီးစီးပြီဖြစ်တဲ့အတွက် ရင်ပေါင်တိုင်ကျေးရွာကို ကားလမ်းဖြင့် တိုက်ရိုက်သွားလာနိုင်မှာဖြစ်ပါတယ်။ ရင်ပေါင်တိုင်ကျေးရွာကြီးဟာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီးတော့မှ ရာသီမရွေးစပါးနှင့်သီးနှံစိုက်ပျိုးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့အပြင် အခြားအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိကြပါတယ်။ ငါးရက်မှန်ဈေးလည်းဖွင့်ထားပြီးဖြစ်ပါတယ်။ စပါး၊ ဆန်ကြိတ်စက်၊ ဆီစက်လုပ်ငန်းများလည်း လုပ်ကိုင်တဲ့အပြင် အခြေခံပညာအထက်တန်းကျောင်းနှင့် တက္ကသိုလ်ဝင်တန်းစာဖြေဌာနများလည်း ရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးလည်းရရှိပြီးဖြစ်ပါတယ်။ ရင်ပေါင်တိုင်ကျေးရွာအုပ်စု ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများတည်ရှိရာ ကျေးရွာများအနေနဲ့ မိုးတွင်းကာလများမှာ မုံရွာခရိုင်ပြည်သူ့ဆေးရုံနဲ့ ယင်းမာပင်ဆေးရုံများသို့ သွားလာရန်ခက်ခဲပြီး အချိန်များစွာကြာအောင် သွားရတဲ့အတွက် ကျန်းမာရေးကိစ္စများဖြစ်ပွားပါက ပြည်သူများအသက်အန္တရာယ်စိုးရိမ်ခဲ့ရတဲ့အဖြစ်အပျက်များ များစွာကြုံတွေ့ခဲ့ရပါတယ်။ ရင်ပေါင်တိုင်ကျေးရွာတိုက်နယ်ဆေးရုံ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိမှသာ ဒေသခံကျေးရွာများမှ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုအဆင်ပြေစွာပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရင်ပေါင်တိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာအုပ်စု၊ ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြေကြားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်မှာဆိုရင် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံရှိပါတယ်။ ကာပိုင်တိုက်နယ်ဆေးရုံတစ်ရုံရှိပါတယ်။ ညောင်ကိုင်းတိုက်နယ်ဆေးရုံ စုစုပေါင်းတိုက်နယ်ဆေးရုံသုံးရုံ၊ မိခင်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၉ ခု ဖွင့်လှစ်ထားပြီး လူဦးရေတစ်သိန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဒီရင်ပေါင်တိုင် ကျေးလက်ကျန်းမာရေးဌာနပိုင်မှာတော့ အိမ်ခြေပေါင်း ၆၀၀၀ ကျော်ရှိပြီး၊ လူဦးရေ ၃၀၀၀၀ ရှိတာကိုတွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အထွေထွေဆေးခန်းလာပြတဲ့ လူနာပေါင်းကတော့ ၈၀၀၀ ကျော်ရှိပါတယ်။ အထက်ကို လွှဲပြောင်းက ၁၀၅ ဦး ရှိပါတယ်။ သို့သော် ဒီရင်ပေါင်တိုင်ကျေးရွာဟာ မုံရွာမြို့ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ၂၉ မိုင်ဝေးပါတယ်။ ကားလမ်းဖြင့် ၂ နာရီကြာပါတယ်။ ယင်းမာပင်မြို့နယ်ဆေးရုံ ခုတင်(၅၀)နှင့် ၁၂ မိုင် ကားလမ်းဖြင့် ၁ နာရီကြာပါတယ်။ ကာပိုင်တိုက်နယ်ဆေးရုံ (၁၆)ခုတင်ကတော့ ၁၂ မိုင်ကွာဝေးပြီး ကားလမ်းဖြင့် ၁ နာရီခန့်ကြာပါတယ်။ ပုလဲမြို့နယ်ဆေးရုံ (၂၅)ခုတင်နှင့် ၁၈ မိုင်ဝေးပါတယ်။ ကားနှင့် တစ်နာရီခွဲ၊ ဆိုင်ကယ်နှင့် မိနစ် ၃၀၊ ချင်ပြစ်တိုက်နယ်ဆေးရုံ (၁၆)ခုတင်နှင့်လည်း မိနစ် ၃၀ ခန့် ကားဖြင့် မိနစ် ၄၀ ခန့်သွားရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ မြေပုံကို ပြန်ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့မြောက်ဘက်မှာဆိုလို့ရှိရင် ကာပိုင်တိုက်နယ်ဆေးရုံရှိတယ်။ ညောင်ကိုင်းတိုက်နယ်ဆေးရုံရှိတယ်။ အရှေ့ဘက်မှာဆိုရင် ယင်းမာပင်တိုက်နယ်ဆေးရုံရှိတယ်။ တောင်ဘက်မှာဆိုလို့ရှိရင် ပုလဲမြို့နယ်ဆေးရုံရှိတယ်။ ချင်ပြစ်တိုက်နယ်ဆေးရုံများလည်းရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာက တိုက်နယ်ဆေးရုံက ၇၀၀ ကျော်ရှိပါတယ်။ တိုက်နယ်ဆေးရုံကို ချက်ချင်းလက်ငင်းတော့ အများကြီးတိုးပြီးတော့ သေသေချာချာစဉ်းစားသုံးသပ်ပြီးမှသာ တိုးသင့်လျှင်တိုးပါတယ်။ သို့ဖြစ်၍ အခု လောလောဆယ်အခြေအနေအချိန်အခါနဲ့ စာရင်းဇယားများအားလုံးကို ခြုံငုံသုံးသပ်တဲ့အခါမှာတော့ ရင်ပေါင်တိုင်တိုက်နယ်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် သင့်လျော်မှုမရှိသေးကြောင်းတွေ့ရပါတယ်။ သို့သော်လည်း လစ်လပ်လျက်ရှိသော သားဖွားဆရာမများအတွက်ကတော့ အခု ဇန်နဝါရီလ၊ ဖေဖော်ဝါရီလမှာ ခန့်မယ့် သားဖွားဆရာမ ၁၀၄၆ ဦးထဲမှ ဦးစားပေးခန့်ထားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကိုလည်း လုံးဝပြည့်စုံအောင် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး ထူးခွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြား ပညာတော်သင် ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာအေးမင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီးတော့ ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်တဲ့ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့် အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့ရဲ့စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒီအဆိုမှာ ဦးတည်ဖော်ပြတဲ့ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံ့ဝန်းထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(င) အရ နိုင်ငံတော်ရဲ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ ဖွဲ့စည်းပုံမှာ ရာထူးတစ်ခုခုမှာ ခန့်အပ်ခြင်းခံရတဲ့ နိုင်ငံ့ဝန်ထမ်းကိုဆိုလိုခြင်းဖြစ်ပါတယ်။ ယနေ့ခေတ်အခါသမယဟာ ပြည်သူလူထုကရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရက နိုင်ငံတော်တာဝန်များကို တာဝန်ယူဆောင်ရွက်နေရတဲ့အချိန်ဖြစ်ပြီးတော့ ပြည်သူ့အစိုးရရဲ့ ပြည်သူလူထုနဲ့ နိုင်ငံတော်အပေါ်ထားရှိတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အဓိကကတော့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကြီးကို အောင်မြင်စွာဖြတ်သန်းနိုင်ဖို့ရာ နိုင်ငံ့ဝန်ထမ်းတို့သည်မရှိမဖြစ်လိုအပ်လျက်ရှိပြီးတော့ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးရတဲ့နိုင်ငံတိုင်းမှာ အစိုးရအဖွဲ့ဆိုတာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်ကာလအချိန်အပိုင်းအခြားအလိုက် အပြောင်းအလဲဖြစ်ပြီးတော့နေတဲ့အတွက် အုပ်ချုပ်ရေးယန္တရားအဆက်မပြတ်စေဖို့၊ အဖွဲ့တစ်ခုလုံးရဲ့မှတ်တမ်းမှတ်ရာ ပျောက်ပျက်မသွားစေဖို့၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု

လုပ်ငန်းအတွေ့အကြုံဗဟုသုတ၊ အဂတိတရားလေးပါးကင်းရှင်းစွာဖြင့် အစိုးရ၏စီမံကိန်းများ အကောင်အထည်ဖော်ဖို့ စသည်ဖြင့် နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် အောင်မြင်စွာလည်ပတ်နိုင်ဖို့ ဆောင်ရွက်ကြသူများမှာလည်း နိုင်ငံ့ဝန်ထမ်းများသာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) ပုဒ်မ ၁၀ မှာ ဝန်ထမ်းဟာ အောက်ပါတို့ကို လိုက်နာရန်တာဝန် ရှိတယ်လို့ပြထားပြီးတော့ တာဝန်ပေါင်း ၁၂ ချက်ကို တွေ့ရပါတယ်။ ဒါတွေကတော့ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အလေးထားပြီးတော့ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့နှင့် အလွဲသုံးစားမပြုဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားတဲ့ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဒီဥပဒေအရ ပြုလုပ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် အမိန့်ညွှန်ကြားချက် တွေ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားတဲ့ လုပ်ငန်းခွင်စည်းကမ်းတွေ၊ အမိန့် ညွှန်ကြားချက်တွေကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းနှင့် ရာထူးဝန်အဖွဲ့က သတ်မှတ်ထား တဲ့သင်တန်းများကို တက်ရောက်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်း တို့မှ ရှောင်ကျဉ်ခြင်း၊ တာဝန်အရ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကျဉ် ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကျဉ်ခြင်း၊ ပြည်သူကို ရိုသေလေးစားစွာဝန်ဆောင်မှု ပေးခြင်းတို့ဖြစ်ပါတယ်။ ဒီတာဝန်တွေကို လိုက်နာတာဝန်ယူရတဲ့ဝန်ထမ်းဟာ နိုင်ငံတော်သူ နိုင်ငံတော် သားအားလုံးအတွက် အလွန်ကြီးလေးတဲ့တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြသူများလို့ အသိအမှတ်ပြုလိုက်မိပါတယ်။

နိုင်ငံ့ဝန်ထမ်း အခန်း(၄) ပုဒ်မ ၁၁ မှာ နိုင်ငံ့ဝန်ထမ်းများခံစားရမယ့် အခွင့်အရေးများကို ဖော်ပြ ထားပြန်ရာ အလွန်လေးစားဂုဏ်ယူဖွယ်ရာဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် အမှန်တကယ် ပြည့်ပြည့်ဝဝရသင့်တဲ့အခွင့်အရေးများဖြစ်ပါတယ်။ ဒါတွေကတော့ အလုပ်တည်မြဲခွင့်၊ လုပ်ငန်းခွင် အာမခံချက်ရခွင့်၊ လုပ်အား၊ အတတ်ပညာတာဝန်ထမ်းဆောင်မှုနှင့် လျော်ညီတဲ့လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊ ရာထူးတိုးမြှင့်ခွင့်၊ ပညာလေ့လာဆည်းပူးခွင့်၊ ခွင့်ခံစားခွင့်၊ ထူးချွန်မှု စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊ ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊ အငြိမ်းစားယူခွင့်၊ တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြုပြီးတော့ ထိခိုက်ဒဏ်ရာ ရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊ အမျိုးသမီးဝန်ထမ်း ဖြစ်ပါက တူညီတဲ့အလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်း ဆိုင်ရာ အကျိုးခံစားခွင့်၊ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းတဲ့အသင်းအဖွဲ့များမှာ ပါဝင်ခွင့်၊ ဝန်ထမ်းရေးရာ ခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်းပြီးတော့ တင်ပြခွင့်၊ ရှင်းလင်းခွင့်၊ ထုချေခွင့်၊ အယူခံဝင်ခွင့်၊ ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊ ကူးပြောင်းချိန်ခံစားခွင့်၊ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန် ထမ်းဆောင်ခွင့်၊ လုပ်သက်၊ ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်တဲ့ အခြားခံစားခွင့်တွေဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်အတွက် မရှိမဖြစ် လူသားအရင်းအမြစ်များဖြစ်ပြီးတော့ နိုင်ငံ့ဝန်ထမ်းဥပဒေအရ သင့်တင့်လျောက်ပတ်တဲ့အခွင့်အရေး

များပေးအပ်ပြီးဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ ဒီကနေ့အချိန်ကာလ လက်တွေ့ဘဝကတော့ ရရှိတဲ့လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များဟာ များစွာလိုအပ်နေဆဲဖြစ်ပါတယ်။

နိုင်ငံတော်မှာ နိုင်ငံ့ဝန်ထမ်းပေါင်း ကိုးသိန်းခန့်ရှိတယ်လို့ သိရပါတယ်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွက် ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ဆောင်တဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းများကို အဓိကအားကိုးအားထားပြုရတာဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်ညီတဲ့၊ တာဝန်ကျေတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးဟာ နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်တဲ့အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်ရဲ့တိုးတက်မှုအပြောင်းအလဲကိုအကောင်အထည်ဖော်ဖို့အတွက် အဓိကမောင်းနှင်အားဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကြီးကို ရရှိဖို့ဟာလည်း နိုင်ငံ့ဝန်ထမ်းတို့အတွက် အခြေခံစားဝတ်နေရေးအတွက် မပူမပင်ရဘဲနဲ့ စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ဖို့နဲ့ အခြေအနေများဖန်တီးပေးဖို့၊ တာဝန်ကိုရှုပ်ရှုပ်ချွံချွံထမ်းဆောင်မှုအတွက် အသိအမှတ်ပြုချီးမြှင့်မြှောက်စားမှုများ ပြုလုပ်ပေးဖို့ အထူးလိုအပ်လှပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးတော့ ၂၀၁၆ ခုနှစ်မှစပြီးတော့ နိုင်ငံတော်တာဝန်ယူခဲ့တဲ့ ပြည်သူ့အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းများအတွက် ဒီအပြောင်းအလဲတွေဖြစ်ပေါ်လာခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများအချို့ကို ဖြေလျှော့ပေးခဲ့တဲ့အတွက် ခွင့်လက်ကျန်စုဆောင်းခွင့်ရလာတယ်။ အမျိုးသမီးများ မီးဖွားခွင့်ကို တစ်ဆက်တည်းခြောက်လခံစားခွင့်ရရှိလာတယ်။ မီးဖွားပါက ခင်ပွန်းသည်ဖြစ်သူက စောင့်ရှောက်ခွင့်နှစ်ပတ်ရရှိလာတယ်။ ခွင့်ကိုလည်း ခွင့်တောင်းခံခွင့်ရှိလာတယ်။ အကြောင်းတစ်စုံတစ်ရာကြောင့် အပြစ်ပေးအရေးယူခြင်းခံရတဲ့အခါ မကျေနပ်ပါက အယူခံခွင့်ရှိလာတယ်။

ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရာ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုမှာ သင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်းဘာသာရပ်တွေကို ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ပြောင်းလဲနိုင်ခဲ့တယ်။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူတဲ့အခါမှာ စိတ်အေးချမ်းသာ နားခိုနိုင်ဖို့ တန်ဖိုးသင့်အိမ်ရာတွေ ဆောက်လုပ်ဖို့အတွက် စီစဉ်နိုင်ခဲ့တယ်။ တချို့သောဝန်ထမ်းတွေအတွက် စားစရိတ်နှင့် ဝတ်စုံစရိတ်တိုးမြှင့်ပေးနိုင်ခဲ့တယ်။ ဒါတွေကတော့ ဥပမာအနေဖြင့် ပြောရရင် သူနာပြုလိုကိစ္စဖြစ်ပါတယ်။ အထူးခြားဆုံးကတော့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းဥပဒေပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်လုပ်ငန်းအစီအစဉ် ၂၀၁၇-၂၀၂၀ ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်မှုနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးဆောင်ပြုစုရေးဆွဲနိုင်ခဲ့ပါတယ်။

ပြည်သူ့အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းများအတွက် အထက်ပါကဲ့သို့ မျှော်လင့်ချက်ရောင်ခြည်များထွန်းလင်းလာခဲ့ပြီဖြစ်သော်လည်း တစ်ဖက်မှာ အခြေခံစားသောက်ကုန်ဈေးနှုန်းကြီးမြင့်လာတယ်။ အသုံးအဆောင်ဈေးနှုန်းမြင့်လာတယ်။ ကုန်ကျစရိတ်တွေမြင့်လာတယ်။ ဒါပေမဲ့ လစာနှင့် တခြားပံ့ပိုးမှုတွေကတော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေအရ တိုးမြှင့်ပေးနိုင်မှုမရှိသေးပါဘူး။ ဘတ်ဂျက်ခွင့်ပြုအခြေအနေအရ ခွင့်ပြုခန့်ထားနေတဲ့ ဝန်ထမ်းဦးရေနည်းပါးပြီးတော့

ထမ်းရွက်တာဝန်ယူရတဲ့အလုပ်တာဝန်တွေများပြားတယ်။ မနိုင်ဝန်ထမ်းရတယ်။ အလုပ်တွေမပျော်တော့ဘူး။ လုပ်ငန်းစွမ်းဆောင်ရည်ကျတယ်။ အလုပ်မှထွက်တယ်။ အဂတိလိုက်စားတယ်။ ဒီလိုအခြေအနေအထိ ဖြစ်လာတယ်။ Transpancy International အဖွဲ့ရဲ့ စောင့်ကြည့်လေ့လာချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှာ ၂၀၁၀ ခုနှစ်မှာ အဂတိလိုက်စားမှုအများဆုံးဖြစ်တဲ့ ဆိုမာလီနိုင်ငံပြီးရင် ဒုတိယဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ အဆင့်(၁၄၇) ဖြစ်ခဲ့တယ်။ ဒီနေရာမှာ ဝန်ထမ်းတွေလုပ်ငန်းခွင်မှာ နှစ်ခြိုက်ကျေနပ်မှုဖြစ်စေမယ့် ယေဘုယျအကြောင်းတရားများ အချက်(၁၄) ချက်ရှိပါတယ်။ ဒီအချက် (၁၄)ချက်မှာ အမှုထမ်းကောင်းမွန်ခြင်းအတွက် အသိအမှတ်ပြုခံရမှု၊ အစွမ်းအစပြနိုင်တဲ့ အခွင့်အရေးနှင့် စွမ်းဆောင်အောင်မြင်မှုမှ ရတဲ့ ပီတိစတဲ့အချက်များကို တွေ့ရတယ်။ ဒီအချက်အလက်ပေါင်းများစွာမှ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားခံရမှုနှင့် အသိအမှတ်ပြုခံရမှုက လွန်စွာအရေးကြီးပါတယ်။ ဒီလိုဆိုရာမှာ ချီးမြှင့်မြှောက်စားအသိအမှတ်ပြုမခံရတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ဝန်ထမ်းအားလုံး မိမိအလုပ်ကို စိတ်ပါဝင်စားမှုမရှိဘဲနဲ့ အားလုံးအဂတိလိုက်စားနေတယ်လို့ မဆိုလိုပါတယ်။ နိုင်ငံတော်က ချီးမြှင့်တဲ့လစာနှင့် ပံ့ပိုးမှုများ အတိုင်းအတာရယူပြီးတော့ ဘဝကိုချို့ချို့တဲ့တဲ့ ရပ်တည်ရှင်သန်လျက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့တဲ့၊ ထမ်းဆောင်နေတဲ့ဝန်ထမ်းများလည်း များစွာရှိပါတယ်။ ကျရာတာဝန်သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိတဲ့ဝန်ထမ်းများလည်း ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံ့ဝန်ထမ်းများရဲ့ အများစုဟာ စားဝတ်နေရေးနှင့် လစာတို့ကြောင့် နိုင်ငံ့ဝန်ကို ထမ်းခဲ့ကြတာမဟုတ်ဘဲနဲ့ နိုင်ငံ့ဝန်ထမ်းဆိုတဲ့ မိရိုးဖလာအစွဲရှိခဲ့တဲ့ဂုဏ်နဲ့ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖမ်းတီးပေးနေရခြင်းဆိုတဲ့ ပီတိအရသာကို စားသုံးရင်းနဲ့ နိမ့်ကျလှတဲ့လူနေမှုဘဝကို နိစ္စဓူဝ ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆိုရှယ်လစ်ခေတ်အချိန်အခါက ကျောင်းသားတွေကို လူရည်ချွန်သတ်မှတ်ပြီးတော့ အပန်းဖြေလေ့လာရေးခရီးတွေလွှတ်တယ်။ လုပ်သားတွေဆိုလို့ရှိရင် ဆိုရှယ်လစ်လုပ်သား၊ စံပြလုပ်သား၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် စသည်ဖြင့် ရွေးချယ်ပြီးတော့ နွေရာသီအပန်းဖြေစခန်းတွေကို လွှတ်တယ်။ ဒီလိုချီးမြှင့်မြှောက်စားခြင်းဟာ လုပ်ငန်းခွင်အတွင်းမှာ ဖြစ်ပေါ်လာခဲ့ရတဲ့ လုပ်ငန်းဆိုင်ရာဖိအားတွေကို မေ့လျှော့ပျောက်ပျက်ခဲ့ပြီးတော့ လန်းဆန်းတက်ကြွတဲ့စိတ်ဓာတ်နဲ့ လုပ်ငန်းခွင့်အတွင်း ဝင်ရောက်စေခဲ့တယ်။ အခုအချိန်မှာတော့ ထူးချွန်ကျောင်းသူကျောင်းသားတွေကို ဘက်စုံထူးချွန် သို့မဟုတ် လူရည်ချွန်ဆုများ ပြန်လည်ချီးမြှင့်နေပြီဖြစ်ပါတယ်။ အရည်အချင်းနှင့်ကိုက်ညီသူတိုင်း ထူးချွန်စွာတာဝန်ထမ်းဆောင်သူတိုင်းကို ချီးမြှင့်မှု၊ အသိအမှတ်ပြုမှုများ ပြုလိုပါက ပိုမိုကောင်းမွန်သည်မှာမှန်ကန်သော်လည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်အခြေအနေအရ နိုင်ငံတော်အတွက် ဝန်ထုတ်ဝန်ပိုးဖြစ်သွားနိုင်တဲ့အတွက် သင့်လျော်တဲ့အရည်အတွက်ကိုသာ ချီးမြှင့်မြှောက်စားရန် အဆိုပြုထားခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်ရဲ့လွှတ်တော်ကြီးမှာ ပြည်သူ့ကိုယ်စားလှယ်တွေက နိုင်ငံ့ဝန်ထမ်းတို့ရဲ့ အရေးကိစ္စနှင့်ပတ်သက်ပြီးတော့ အရေးတယူဆွေးနွေးနေရခြင်းကပဲ နိုင်ငံ့ဝန်ထမ်းတို့ရဲ့ စိတ်ဓာတ်ကိုမြှင့်တင်ပေးနေခြင်းဖြစ်ပြီးတော့ သူတို့ရင်ဆိုင်တွေ့ကြုံနေကြတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မယ့် ခွန်အားတစ်ခုဖြစ်ပါတယ်။ လုပ်ငန်းခွင်အတွင်း တက်ကြွစွာတာဝန်ကျေပွန်စွာထမ်းဆောင်စေမယ့် တွန်းအားတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုချီးမြှင့်မြှောက်စား

အသိအမှတ်ပြုခံရဖို့အတွက် ဒီကိစ္စအတွက် သုံးစွဲရမယ့်လူအင်အားရှိပါလိမ့်မယ်။ ငွေအင်အားလည်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံတော်အတွက် နိုင်ငံ့ဝန်ထမ်းလောကကြီးတစ်ခုလုံးအတွက် ကြီးမားတဲ့ အကျိုးအမြတ်အပြောင်းအလဲတစ်ခု ဖြစ်လာမှာဖြစ်တဲ့အတွက်လည်း ဒီအဆိုကို တင်သွင်းရခြင်းဖြစ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဦးအေးမင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ခရမ်းမဲဆန္ဒနယ်က ဒေါက်တာဦးအေးမင်း တင်သွင်းသွားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ပြုပြင်ပြောင်းလဲရေးအတွက် အားပေးကူညီပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင့်။ အဆိုရှင်ဟာ အဂတိတရားလေးပါးကင်းရှင်းစွာဖြင့် အစိုးရရဲ့စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုပြီး ဆွေးနွေးသွားတာ တွေ့ပါတယ်။ အခြေခံအဆောက်အဦလိုအပ်ချက်များပြားလွန်းပြီး ဘတ်ဂျက်လိုငွေများနေတဲ့အခုလိုအခြေအနေမျိုးမှာ အစိုးရရဲ့စီမံကိန်းတွေကို အဂတိတရားလေးပါးကင်းရှင်းစွာ အကောင်အထည်ဖော်ရန်မှာ တိုင်းပြည်အတွက် အရေးကြီးလှတဲ့၊ ပြည်သူများမျှော်လင့်စောင့်စားနေတဲ့ အရာဖြစ်ပါတယ်။ အဂတိတရားကင်းဖို့အတွက် ပွင့်လင်းမြင်သာမှုက အခြေခံအကျဆုံးဖြစ်ပါတယ်။ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့ဆွေမျိုး၊ ငါ့မိတ်ဆွေ၊ ငါ့တပည့်သားချင်းအတွက် လုပ်ပိုင်ခွင့်အာဏာ အသုံးပြုခြင်းဖြင့် ဘတ်ဂျက်လေလွင့်သွားမှာကိုလည်း ပြင်းပြင်းထန်ထန်တားမြစ်ရမှာဖြစ်ပါတယ်။ ပြည်သူ့ဘတ်ဂျက် ပြည်သူ့အတွက်ဖြစ်လာဖို့ဆိုတာ ပြည်သူ့ဝန်ထမ်းတွေ အဂတိကင်းစွာဖြင့် အစိုးရရဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်မှသာဖြစ်မှာဖြစ်ပါတယ်။ အဂတိလိုက်စားရန်အခွင့်သာနေတဲ့ ဗျူရိုကရေစီယန္တရားတွေကို ပြုပြင်ပြောင်းလဲခြင်း၊ စီမံကိန်းလျှာထားခြင်း၊ စီမံကိန်းအကောင်အထည် ဖော်ခြင်း၊ အဆင့်တိုင်းအဆင့်တိုင်းမှာ ပွင့်လင်းမြင်သာမှုရှိအောင်၊ ပြည်သူပူးပေါင်းပါဝင်ခွင့်ရှိအောင် ဖန်တီးထားခြင်းဖြင့် လစာထက်အဆပေါင်းများစွာပိုနေသော ပိုင်ဆိုင်မှုများရှိနေတဲ့ အမှုထမ်း၊ အရာထမ်းတွေကို လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ချစားမှု၊ အဂတိလိုက်စားမှုကင်းအောင် စုံစမ်း စစ်ဆေးအရေးယူပေးနိုင်တဲ့ ယန္တရားလည်း တည်ဆောက်ဖို့လိုအပ်ပါတယ်။အဆိုရှင်တင်ပြမှုဟာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးပါရန် အရေးပါလှသလို နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးကာလမှာ အရေးတကြီးဆောင်ရွက်ရမယ့် အရာ ဖြစ်နေတဲ့အတွက် ထောက်ခံရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အဆိုရှင်က နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေတွေမှာ နိုင်ငံ့ဝန်ထမ်းတွေ ခံစားရမယ့်အခွင့်အရေးတွေပြဋ္ဌာန်းပြီးဖြစ်သော်လည်း အကောင် အထည်ဖော်မှုအပိုင်းမှာ လိုအပ်ချက်တွေရှိနေသဖြင့် အကောင်အထည်ဖော်ပေးဖို့တိုက်တွန်းထားတာ ကို တွေ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းများအခြေခံစားဝတ်နေရေးအတွက် မပူပန်ရဘဲနဲ့ အေးချမ်းစွာ

တာဝန်ထမ်းဆောင်နိုင်ရန်နဲ့ တာဝန်ကိုထူးထူးချွန်ချွန်ထမ်းဆောင်ဖို့အတွက် အသိအမှတ်ပြုချီးမြှင့်မြှောက်စားမှုများပြုလုပ်ရန် အထူးလိုအပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းပေါင်းကိုးသိန်းကျော်နဲ့ ၎င်းတို့ကိုမှီခိုနေရတဲ့ မိသားစုဝင်များရဲ့ ဘဝအခြေအနေကို မြှင့်တင်ပေးခြင်း၊ ဘဝဖူလုံမှုရှိအောင်ဖန်တီးခြင်းဟာ နိုင်ငံ့ဝန်ထမ်းများနဲ့ ၎င်းတို့ကိုမှီခိုနေရတဲ့မိသားစုဝင်ငွေကိုကယ်တင်ခြင်းသာမကပါဘူး။ လုပ်ငန်းခွင်ပျော်ရွှင်မှုရှိနေသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကိုခံယူနေရမယ့် နိုင်ငံသားများရဲ့ စိတ်ချမ်းသာမှုအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ခြင်း၊ ပညာသင်ဆုပေးခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းတွေကလူပုဂ္ဂိုလ်ပေါ်မူတည်နေသော၊ အဂတိမကင်းသော ဆုံးဖြတ်ချက်များမဖြစ်ရန် စနစ်တကျပြုပြင်၍ အရည်အချင်းကိုအခြေခံသော၊ အားလုံးပါဝင်နိုင်သော၊ ပွင့်လင်းမြင်သာမှုမြင့်မားသော ဆောင်ရွက်ချက်များဖြင့် ဥပဒေပါအခွင့်အရေးများကို နိုင်ငံ့ဝန်ထမ်းများခံစားခွင့်ရရန်အတွက် အမြန်ဆုံးဆောင်ရွက်ပေးသင့်နေပြီဖြစ်တဲ့အတွက် ဒီအဆိုကိုထောက်ခံရခြင်းဖြစ်ပါတယ်။ အဆိုကို ထောက်ခံရခြင်းရဲ့ တတိယအချက်ကတော့ ဒီမိုကရေစီဖော်ဆောင်ဖို့ နိုင်ငံ့ဝန်ထမ်းတွေရဲ့အခန်းကဏ္ဍက အရေးပါလှသဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို အကြံပြုတင်ပြထားတဲ့အတွက် ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင့်။ မြန်မာ့ဝန်ထမ်းလောကပြုပြင်ပြောင်းလဲရေးနဲ့ အသွင်ကူးပြောင်းရေးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကနေရာမှ ပါဝင်နေတဲ့အပြင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို အကျိုးပြုနိုင်ပါတယ်။ အရှိန်အဟုန်ပြင်းပြင်းပြောင်းလဲခြင်းများဖြင့် ဖြစ်ပေါ်လာမယ့်အပြောင်းအလဲတွေကို ဆန္ဒပြင်းပြမျှော်လင့်စောင့်စားလျက်ရှိကြသော ပြည်သူများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ပါရန်အတွက် ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းတင်သွင်းသော နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုခြင်းများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ရိုသေလေးစားစွာဖြင့် တင်ပြရင်း နိဂုန်းချုပ်အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရလက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါက်တာအေးမင်းတင်သွင်းတဲ့အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်ကတင်သွင်းတဲ့ နိုင်ငံ၀န်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဦးအေးမင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၈-၁-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ကျွန်တော်ဒေါက်တာမြင့်ထွေးမှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြင်ဆင်ချက်ဖြင့် တင်သွင်းထားသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းမည် ဖြစ်ပါတယ်ခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ၉-၁၁-၁၉၉၀ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၂၁/၉၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၁-၉-၁၉၉၃

ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၁၂/၉၃)ဖြင့်လည်းကောင်း ပြင်ဆင်ခဲ့ပါတယ်။ ၂၂-၄-၂၀၀၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၇/၂၀၀၃)ဖြင့်လည်းကောင်း ပြင်ဆင်ခဲ့ပါတယ်။ ၃၁-၁၁-၂၀၁၀ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၃၅/၂၀၁၀)ဖြင့်လည်းကောင်း ပြင်ဆင်ခဲ့ ပါတယ်။ ယခုထပ်မံပြင်ဆင်လိုတဲ့အကြောင်းများမှာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး ဥပဒေအသင်း ပုဒ်မ ၁၃ ပါ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အမှုဆောင်အဖွဲ့ကို ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားနိုင်ပြီး ကူညီပံ့ပိုးနိုင်မည့်ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလို၍လည်းကောင်း၊ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ပါ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ တွင် ပါဝင်ဆောင်ရွက်ရမည့်သူများနှင့် သက်ဆိုင်သောသတ်မှတ်ချက်ကို အမှုဆောင်အဖွဲ့ဝင်များက ယင်းတို့အထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက်ရန် အတွက်လည်းကောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန်အတွက် ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ပြုလုပ် သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၂/၂၀၁၇)သို့ တင်ပြခဲ့ရာ သဘောတူ ခွင့်ပြုပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့၏၂၃-၁၁-၂၀၁၇ ရက်စွဲပါ စာဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ သီးခြား လွတ်လပ်သော၊ အစိုးရမဟုတ်သော၊ နိုင်ငံရေးကင်းရှင်းသော၊ လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမို ပီပြင်စွာထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် များနေရာတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်း အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ထို့အပြင် သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော၊ နိုင်ငံရေးကင်းရှင်းသော လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမို ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေအား ပြင်ဆင်ရေးဆွဲတင်ပြရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤဥပဒေ မူကြမ်းကို ပြည်သူ့လွှတ်တော်ကဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါ တယ်။

## မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ၂၀၁၇ ခုနှစ်နှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ရှင်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ (ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၂၃

ရက်စွဲ ၊၂၀၁၈ ခု နှစ်၊ ဇန် န ဝါ ရီ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၄-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၅၈)/ပထစ -၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ တယ်။

(က) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခု ထက် ပိုမိုပီပြင်ထိရောက်စွာလုပ်ကိုင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နေရာများတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများလုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်း၊ အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် သီးခြားလွတ်လပ်သော အစိုးရမဟုတ်သော

နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမိုဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ၁၀-၁-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံကို ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် တင်ပြခြင်းမပြုတော့ပါဘူးရှင်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅ ပသ (ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၂၃

ရက် စွဲ ၊ ၂၀၁၈ ခု နှစ်၊ ဇန် န ဝါ ရီ လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၄-၁၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၃၅၈)/ပထစ -၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည် -

(က) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခု ထက် ပိုမိုပီပြင်ထိရောက်စွာလုပ်ကိုင်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သက်ဆိုင်ရာအဆင့်ဆင့်သော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နေရာများတွင် အစိုးရနှင့်မပတ်သက်သည့်သူ၊ စေတနာ့ ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများလုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်း၊ အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် သီးခြားလွတ်လပ်သော အစိုးရမဟုတ်သော

နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက်ပိုမိုဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ၁၀-၁-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)တွင် အပိုဒ်ပေါင်း ၄ ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

**ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်)**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

(ဂ) အပိုဒ် ၁ ကို အောက်ပါအတိုင်း အစားထိုးပါသည် -

၁။ ဤဥပဒေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၈ ခုနှစ်)ဟု ခေါ်သွင်စေရမည်။

(ဃ) အပိုဒ် ၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွင် ပါရှိသော ကျန်းမာရေးဝန်ကြီးဌာနဆိုသည့် စကားရပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၉-၁-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့
# (၁၇.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ




Dr Myint Htwe　　u Khon Than Htoo




Dr Myint Htwe　　U Myo Zaw Oo




Dr Myint Htwe　　U Win Min




Dr Myint Htwe　　U Khin Maung Latt




Dr Myint Htwe　　U Htay Win Aung




Dr Myint Htwe　　U Aung Soe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်